myantrade

# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်စျေးကွက်သတင်းလွှာ

July 2, 2019 Volume 21, Number 2

၂.၇.၂၀၁၉

| | |
|---|---|
| ကမ္ဘာ့ရွှေစျေး | = ၁၃၉၁ /-US$ |
| မြန်မာ့ရွှေစျေး | = ၁၁၀၄၀၀၀/ကျပ် |
| ဒေါ်လာစျေး | = ၁၅၁၄/ကျပ် |
| CBM Rate | = ၁၅၁၃.၁/ကျပ် |
| ယူရို တစ်ယူရို | = ၁၇၀၈.၈ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၁၅.၇ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၉၀၉.၂ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၉၈.၀ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၅၆.၅ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၁၉.၉၉ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၉၂၄ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၂၉.၆၂ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၅.၇၀ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၉.၂၉၅ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.org

myantradetir2016@gmail.com

## အီးယူသို့ သုံးမီလီမီတာအောက်ရှိ ဆန်အမျိုးအစားများ အခွန်ကင်းလွတ်ခွင့်ဖြင့် စတင်တင်ပို့နိုင်ပြီ

အီးယူသို့ သုံးမီလီမီတာအောက်ရှိ ဆန်အမျိုးအစားများ အခွန်ကင်းလွတ်ခွင့်ဖြင့် စတင်တင်ပို့နိုင်ပြီဖြစ်ကြောင်း ဆန်ကုန်သည်များထံမှသိရသည်။ အီးယူက မြန်မာနှင့် ကမ္ဘောဒီးယားနိုင်ငံတို့မှ အကောက်ခွန်ကင်းလွတ်ခွင့်ရုပ်သိမ်းပြီး ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလမှစ၍ အခွန်တိုးမြှင့်ကောက်ခံမည်ဟု ထုတ်ပြန်ခဲ့သည်။ အဆိုပါ ထုတ်ပြန်ချက်အရ ဆန်တင်ပို့ခွင့်ကို ယာယီပိတ်ပင်ထားခဲ့ပြီး ဇူလိုင်လမှစ၍ ပြန်လည်တင်ပို့ခွင့်ရပြီဖြစ်သည်။ အီးယူ၏ အခွန်ပေးဆောင်ရမည့် ဆန်အမျိုးအစားသတ်မှတ်ချက်တွင် ဆန်လုံးရှည် (အချွန်) အလျားခြောက်မီလီမီတာအထက် (အလျား၊ အနံအချိုးသုံးနှင့် အထက်) ရှိသော ဆန်၊ ပေါင်းဆန်တို့ အကျုံးဝင်ကြောင်း၊ သို့သော်အလျား၊ အနံ အချိုးသုံးအောက်ရှိသည့် လုံးရှည်ဆန် (အချွန်)၊ လုံးလတ်ဆန်၊ ဆန်ကွဲနှင့် လုံးတီးဆန်အမျိုးအစားများသည် အခွန်တိုးမြှင့်မှုတွင် အကျုံးမဝင်ကြောင်း ဆန်စပါးကုန်သည်များထံမှသိရသည်။

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးသောင်းဝင်းက အထူးပြောရမယ်ဆိုရင် အလျားခြောက်မီလီမီတာအောက်နဲ့ အနံအချိုးနှစ်နဲ့သုံးကြားရှိတဲ့ ဆန်အမျိုးအစားတွေဟာ အခွန်မပါဘဲ ဆက်လက်ရှိနေဦးမှာဖြစ်ပါတယ်။ မြန်မာက ဧည့်မထအုပ်စုဝင် စပါးအမျိုးအစားများစွာ စိုက်ပျိုးတဲ့နိုင်ငံဖြစ်တဲ့အတွက် အလျားခြောက်မီလီမီတာအောက်နဲ့ အလျား၊ အနံအချိုးနှစ်နဲ့သုံးကြား ဆန်အမျိုးအစားတွေရှိနေတဲ့ အားသာချက်ကို ပိုင်ဆိုင်ထားတာဖြစ်ပါတယ်ဟုပြောသည်။ အီးယူကော်မရှင်အနေဖြင့် မြန်မာနှင့်ကမ္ဘောဒီးယားနိုင်ငံတို့က တင်သွင်းသည့် ဆန်များကို အကောက်ခွန်လျှော့ချသည့် အခွင့်အရေးကို ရုပ်သိမ်းပြီး သွင်းကုန်ခွန် တဖြည်းဖြည်း ကောက်ခံသွားမည်ဖြစ်သည်။

ထို့ကြောင့် အီးယူကို ဆန်လုံးရှည်တင်ပို့မည်ဆိုပါက နှစ်အလိုက် သတ်မှတ်ထားသည့်အခွန်ကို ပေးဆောင်ရမည်ဖြစ်ပြီးပထမတစ်နှစ်တွင် ဆန်တစ်တန်လျှင် ၁၇၅ယူရို၊ ဒုတိယနှစ်တွင် ဆန်တစ်တန်လျှင် ယူရို၁၅၀နှင့် တတိယနှစ်တွင် ဆန်တစ်တန်လျှင် ၁၂၅ယူရိုနှုန်း ပေးဆောင်ရမည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံအတွင်းစိုက်ပျိုးသည့် စပါးအုပ်စုဝင် စပါးအမျိုးအစားများအလိုက်၊ ရာသီအလိုက်၊ အလျား၊ အနံ၊ အချိုးအလိုက် ဧည့်မထအုပ်စုဝင်ရွှေဂါထွန်းဆန်သည် ပျမ်းမျှအလျား ၅ ဒသမ ၉ မီလီမီတာရှိပြီး အလျား၊ အနံအချိုးမှာ ၂ ဒသမ ၆ ဝန်းကျင်သာရှိကြောင်း၊ ရန်ကုန်တိုင်းထွက် ရွှေဂါထွန်းသည် အလျား ၅ ဒသမ ၉၃ မီလီမီတာရှိပြီး အလျား အနံအချိုး ၂ ဒသမ ၆၂ရှိကြောင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့နယ် နွေရာသီ၌ ထွက်သည့် ရွှေဂါထွန်းဆန်သည် အလျား ၅ ဒသမ ၉၆ ရှိပြီး အလျား၊ အနံအချိုး ၂ ဒသမ ၅၄ ရှိကြောင်းသိရသည်။ ထို့အတူ ဆင်းသုခစပါးမျိုးကို လေ့လာရာတွင် ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်း

ဒေသကြီးတို့တွင် စိုက်ပြီး မအူပင်မှာ မိုးရာသီ၌ စိုက်ပျိုးသည့် ဆင်းသုခဆန်သည် အလျား ၅ ဒသမ ၇၃မီလီမီတာရှိပြီး အလျား၊ အနံ အချိုး ၂ ဒသမ ၅၉ ရှိကြောင်းသိရသည်။

ဧရာဝတီတိုင်း ဒေသကြီးထွက် မနောသုခဆန်သည် အလျား ၅ ဒသမ ၅၉ မီလီမီတာရှိပြီး အလျား၊ အနံ၊ အချိုး ၂ ဒသမ ၈၅၊ ဓနုဖြူမြို့နယ်၊ မိုးရာသီမှာ စိုက်ပျိုးသည့် မနောသုခဆန်သည် အလျား ၅ ဒသမ ၉၉ မီလီမီတာရှိပြီး အလျား၊ အနံအချိုး ၂ ဒသမ ၈၇ ရှိသည်။ဂါးခယ်မမြို့နယ်မှာ မိုးရာသီ စိုက်ပျိုးသည့် မနောသုခဆန်သည် အလျား ၅ ဒသမ ၈ ရှိပြီး အလျား၊ အနံအချိုး ၂ ဒသမ ၆၅ ရှိသည်။စစ်ကိုင်းတိုင်းဒေသကြီးတွင် စိုက်ပျိုးသည့် မနောသုခဆန်သည် အလျား ၅ ဒသမ ၃၃ ရှိပြီး အလျား၊ အနံ အချိုး ၂ ဒသမ ၀၈ ရှိသည်။ထို့ကြောင့် အထက်ဖော်ပြပါ ဆန်အမျိုးအစားများသည် ဆက်လက် တင်ပို့ခွင့်ရရှိနိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များ အသင်းအတွင်းရေးမှူး ဦးထင်ဖော်လိုင်က အီးယူကို ဆန်ကွဲနဲ့ လုံးလတ်ဆန်တွေ ဦးစားပေးတင်ပို့ကြတယ်။ လုံးလတ်ဆန်တစ်တန်ကို အမေရိကန်ဒေါ်လာ ၄၀၀ ကျော် ဈေးပေါက်နေတယ်။ ဆန်အမျိုးအစား အများကြီးစိုက်ပျိုးနေတာဖြစ်လို့ ဒီအားသာချက်ကိုအသုံးချပြီး ဈေးကွက်ကို မြန်မာ့ဆန်ဆက်လက်တင်ပို့နိုင်ရေး အမြတ်ထုတ်နိုင်အောင် ဆောင်ရွက်ဖို့ပဲလိုပါတယ်ဟုပြောသည်။

ယခင်က အီးယူက အာရှနိုင်ငံများတွင် မြန်မာနိုင်ငံနှင့်ကမ္ဘောဒီးယားနိုင်ငံတို့ကိုသာ အခွန်ကင်းလွတ်ခွင့်ပေးထား ခြင်းကြောင့် ဆန်နှင့် ဆန်ကွဲ ၁၃ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းအသီးသီးတင်ပို့ခဲ့ကြသည်။ ထို့အတူ လက်ရှိဘဏ္ဍာနှစ်အတွင်း ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ တစ်ပတ်လျှင် အီးယူနိုင်ငံများသို့ ဆန်နှင့်ဆန်ကွဲတန်ချိန် ၅၀၀၀ ခန့်တင်ပို့နေကြောင်း သိရသည်။ နိုင်ငံတကာ ဆန်ဈေးနှုန်းများအရ ဆန်ဖြူ အမှတ် ၁၀ တစ်တန်လျှင် ကန်ဒေါ်လာ ၄၀၀၊ ၅ မှတ်ရှိ တစ်တန်လျှင် ကန်ဒေါ်လာ ၃၉၀၊ ၁၅ မှတ်ရှိ တစ်တန်လျှင် ကန်ဒေါ်လာ ၃၈၀ ခန့်၊ ၂၅ မှတ်ရှိ တစ်တန်လျှင် ကန်ဒေါ်လာ ၃၇၀ နှင့်ပေါင်းဆန် တစ်တန်လျှင် ကန်ဒေါ်လာ ၄၂၀ ကျော် ရှိနေသည်။ ဥရောပသမဂ္ဂအဖွဲ့ဝင် ၂၈ နိုင်ငံရှိသည့်အနက် စပါးစိုက်ပျိုးထုတ်လုပ်သော နိုင်ငံရှစ်နိုင်ငံရှိနေကြောင်း၊ ကမ္ဘောဒီးယားနှင့် မြန်မာနိုင်ငံတို့က အီးယူဈေးကွက်သို့ တင်သွင်း လျက်ရှိသည့် ဆန်များမှာတန်ချိန်ပမာဏများပြားပြီး ဈေးနှုန်းချိုသာသည့်အတွက် အီးယူဆန်ထုတ်လုပ်သူများအနေဖြင့် ယှဉ်ပြိုင်နိုင်စွမ်းမရှိသည့်အပေါ် အကာအကွယ်ပေးရန် အီတလီနိုင်ငံက အဆိုတင်သွင်းခဲ့မှုကြောင့် အထက်ပါအတိုင်း အခွန်ကောက်ခံလိုက်ခြင်းဖြစ်သည်။ မြန်မာမှ အီးယူသို့ ၂၀၁၈ ခုနှစ် (အောက်တိုဘာလမှ ၂၀၁၉ ခုနှစ်၊ မေလ အထိ) ဆန်တန်ချိန် ၁၁၀၀၀၀ ကျော်၊ ဆန်ကွဲဝယ်ယူမှု တန်ချိန် ၁၈၀၀၀၀ ကျော် စုစုပေါင်း ကန်ဒေါ်လာသုံးသိန်းကျော်ရရှိ ထားသည်။မြန်မာ့ဆန်ကွဲအများဆုံး တင်ပို့သည့် နိုင်ငံငါးနိုင်ငံမှာ ဘယ်လ်ဂျီယံ၊ အင်ဒိုနီးရှား၊ တရုတ်၊ ယူကေနှင့်ပိုလန် နိုင်ငံတို့ဖြစ်သည်။

မြန်မာတောင်သူကြီးများ ဂျာနယ်

**Source:** www.thefarmermedia.com

https://www.facebook.com/thefarmermedia/posts/2324742520973254?__tn__=K-R

## သတ္တုအပိုင်းအစများ စုဆောင်းဝယ်ယူခြင်းလုပ်ငန်းလုပ်ကိုင်ရန် ပြည်ပရင်းနှီးမြှုပ်နှံမှုအား ခွင့်ပြု

ပြည်တွင်း၌ရှိသော သတ္တုအပိုင်းအစများကို စုဆောင်းဝယ်ယူပြီး ပုံဆောင်ခဲပြုလုပ်သန့်စင်၍ ပြည်ပသို့တင်ပို့ခြင်း လုပ်ငန်းလုပ်ကိုင်ရန် ပြည်ပရင်းနှီးမြှုပ်နှံမှုကို ပထမဆုံးအကြိမ် ဆောင်ရွက်ခွင့်ပြုခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီမှသိရသည်။ အခုခွင့်ပြုလိုက်တာက သံတိုသံစတွေကို စုဆောင်းမယ် စုဆောင်းပြီး သူကလုပ်ငန်း တစ်ခုလုပ်မယ်။ သန့်စင်လုပ်တာ ၊ ပိုင်းဖြတ်တာလုပ်မယ်၊ လုပ်ပြီးရင် သူကတစ်ခြားတစ်နိုင်ငံကို export လုပ်မှာဖြစ်ပါ တယ်ဟု ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီမှ ညွှန်ကြားရေးမှူး ဦးမျိုးခိုင်ဦးကပြောသည်။

အဆိုပါလုပ်ငန်းကို ရာခိုင်နှုန်းပြည့် နိုင်ငံခြားရင်းနှီး မြှုပ်နှံမှုဖြင့် Duong Linh Holdings (Myanmar) Co., Ltd မှ အတည်ပြုလျှောက်ထားလွှာ တင်ပြလာခြင်းအပေါ် ဇွန်လ ၂၆ ရက်က ခွင့်ပြုပေးခဲ့ခြင်းဖြစ်သည်။ ယင်းလုပ်ငန်းကို ဗီယက်နမ်နိုင်ငံကုမ္ပဏီတစ်ခုက ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၀ ဒသမ ၆ သန်းရင်းနှီးမြှုပ်နှံ၍ လုပ်ကိုင် မည်ဟုဆိုသည်။ ယင်းလုပ်ငန်းအတွက် တည်ဆောက်ရေးကာလ တစ်နှစ်တောင်းထားပြီး တည်ဆောက်ရေး ကာလအတွင်း လုပ်ငန်းများ စတင်သွားနိုင်ရန် ပြင်ဆင်လုပ်ဆောင်သွားမည့်အခြေအနေရှိကြောင်းသိရသည်။

လုပ်ငန်းခွင့်ပြုကာလတော့ သတ်မှတ်ထားခြင်းမရှိဘူး။ သူ့လုပ်ငန်းရဲ့ ရင်းနှီးမြှုပ်နှံမှုအတိုင်း လုပ်ဆောင်ခွင့်ပြုထားခြင်း ဖြစ်ပါတယ်ဟု ၎င်းကပြောသည်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အောက်တိုဘာလ ၁ ရက်မှ ၂၀၁၉ ခုနှစ် ဘဏ္ဍာနှစ် ဇွန်လ ၂၆ ရက်ထိ ၉ လတာ ကာလအတွင်း ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီမှ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်း ၁၁၃

ခုနှင့် မြန်မာနိုင်ငံသားရင်းနှီးမြုပ်နှံမှုလုပ်ငန်း ၁၇ ခု စုစုပေါင်း ပြည်တွင်းပြည်ပလုပ်ငန်းပေါင်း ၁၃၀ ခုတို့ကို ခွင့်ပြုပေးခဲ့ကြောင်းသိရသည်။ အဆိုပါလုပ်ငန်းပေါင်း ၁၃၀ ခုတွင် စက်မှုကဏ္ဍ ၊ ဟိုတယ်ကဏ္ဍ ၊ မွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍ ၊ အိမ်ယာအဆောက်အအုံကဏ္ဍနှင့် အခြားဝန်ဆောင်မှုကဏ္ဍစသည့် ကဏ္ဍများပါဝင်ပြီး တရုတ်နိုင်ငံ ၊ ဂျပန်နိုင်ငံ ၊ စင်္ကာပူနိုင်ငံ ၊ ဟောင်ကောင် ၊ ထိုင်ဝမ် ၊ British Virgin Islands ၊ Samoa ၊ ကိုရီးယား ၊ ဗီယက်နမ် ၊ ဆေးရှယ်(လ်) နှင့် ထိုင်းနိုင်ငံတို့က ဝင်ရောက်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

ထိုသို့အတည်ပြုမိန့်များထုတ်ပေးခဲ့သည့် ရင်းနှီးမြုပ်နှံမှုလုပ်ငန်း ၁၃၀ မှ မတည်ရင်းနှီးငွေပမာဏစုစုပေါင်း အမေရိကန်ဒေါ်လာ ၁၉၀ ဒသမ ၄၈၄ သန်း နှင့် မြန်မာကျပ်ငွေ ၃၃၉၇၈ ဒသမ ၉၆၆ သန်းဖြစ်ပြီး အလုပ်အကိုင်အခွင့်အလမ်း ၆၇၅၄၂ ဦး အတွက် အလုပ်အကိုင်များ ဖန်တီးပေးနိုင်မည်ဟုဆိုသည်။ ထို့ပြင် ယင်းကာလအတွင်း နိုင်ငံခြားရင်းနှီးမြုပ်နှံမှုတိုးခြင်းနှင့် အလုပ်အကိုင်အခွင့်အလမ်းတိုးမြှင့်ခြင်းအနေဖြင့် စက်မှုကဏ္ဍတွင် အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၉၉၀ သန်းနှင့် ပြည်တွင်းလုပ်သား ၃၀၀၀ ဦး တိုးမြှင့်ခဲ့ကြောင်းသိရသည်။

**Source:** http://www.fifthwavenews.com/fwn/46477

**fifthwavenews**

## ရွှေနှင့်ဒေါ်လာတန်ဖိုး အနည်းငယ်ကျဆင်း

ပြည်တွင်းငွေကြေးဈေးကွက်တွင် ရွှေဈေးနှင့်ကန်ဒေါ်လာတန်ဖိုး ဇူလိုင်လဆန်း၌ အနည်းငယ်ကျဆင်းသည်။ ကမ္ဘာ့ရွှေဈေးကျဆင်းမှုကြောင့် ပြည်တွင်းရွှေဈေးက ဇူလိုင်လဆန်းတွင် တစ်ကျပ်သားလျှင် ၂ ရာခိုင်နှုန်းခန့် ပြန်လည် ကျဆင်းပြီး ဒေါ်လာတန်ဖိုးလည်း ၁၅၁၅ ကျပ်ခန့်သို့ ပြန်ရောက်လာသည်။ ဇွန်လတတိယပတ်တွင် စံချိန်တင်ဈေးဖြင့် ပြည်တွင်းအခေါက်ရွှေဈေး တစ်ကျပ်သားလျှင်ကျပ် ၁၁၁၉၀၀၀ အထိမြင့်တက်ပြီးနောက် ဇူလိုင် ၁ ရက်၌ ကျပ် ၁၁၀၀၀၀၀ သို့ ပြန်လည်ကျဆင်းလာသည်။ ကမ္ဘာ့ရွှေဈေးလည်း အမြင့်ဆုံးတစ်အောင်စ ၁၄၂၃ ဒေါ်လာမှ ၁၃၈၈ ဒေါ်လာသို့ ၂ ရာခိုင်နှုန်းကျော်ပြန်လည်ကျဆင်းကြောင်း ရန်ကုန်တိုင်း ရွှေလုပ်ငန်းရှင်များအသင်း တာဝန်ရှိသူတစ်ဦးကပြောသည်။

ပြည်တွင်းရွှေဈေးပြန်လည်ကျဆင်းချိန်တွင် ဒေါ်လာတန်ဖိုးလည်း ယခင်လများကဲ့သို့ လဆန်းရက်၌ တန်ဖိုးကျဆင်းနေသည်။ ဇွန်လအတွင်း တစ်ဒေါ်လာ ၁၅၃၅ ကျပ်အထိ မြင့်တက်ခဲ့ခြင်းကြောင့် ပြည်တွင်းဈေးကွက်၌ နိုင်ငံခြားငွေလဲနှုန်း ၁ ရာခိုင်နှုန်းကျော် လျော့ကျလာသည်။ ပြည်တွင်းငွေကြေးဈေးကွက်တွင် ဒေါ်လာတန်ဖိုးက လဆန်းနောက်ပိုင်းဆက်တိုက်မြင့်တက်လေ့ရှိပြီး လကုန်ပိုင်း၌ အနည်းငယ်ပြန်လည်ကျဆင်းလေ့ရှိကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဗဟိုအလုပ်အမှုဆောင် ဦးမျိုးသူရအေးကပြောကြားသည်။ လက်ရှိပြည်တွင်းဈေးကွက်တွင် ဒေါ်လာအရောင်းအဝယ်နှင့် ပြည်ပငွေလဲပေးပို့မှုများ အားနည်းနေခြင်းကြောင့် ဈေးကျဆင်းခြင်းဖြစ်နိုင်သည်ဟု ငွေလဲဝန်ဆောင်မှု ုပ်ကိုင်သူတစ်ဦးက ပြောသည်။

မြန်မာနိုင်ငံတွင် မိုးရာသီ၌ ပြည်ပပို့ကုန်နည်းသဖြင့် ဒေါ်လာတန်ဖိုးမြင့်တက်လေ့ရှိသော်လည်း သွင်းကုန်လျော့နည်းခြင်း၊ နိုင်ငံခြားကုမ္ပဏီများက ဝန်ထမ်းလစာပေးရန် ဒေါ်လာရောင်းချခြင်းစသော နိုင်ငံခြားငွေရောင်းလိုအားများသည့် လကုန်နှင့် လဆန်းရက်များတွင် ဒေါ်လာတန်ဖိုးအနည်းငယ်ကျဆင်းလေ့ရှိသည်ဟု စီးပွားရေးလုပ်ငန်းရှင်အချို့က သုံးသပ်သည်။ ပြည်တွင်းငွေကြေးဈေးကွက်တွင် ဒေါ်လာတန်ဖိုးကျဆင်းသကဲ့သို့ ဗဟိုဘဏ်၏ရည်ညွှန်းငွေလဲနှုန်းလည်း ဇူလိုင် ၁ ရက်၌ တစ်ဒေါ်လာ ၁၅၁၃ ကျပ် သတ်မှတ်ထားသည်။

**Source:** http://www.7daydaily.com/story/160025

## မြန်မာ့စက်မှုကုန်ထုတ်လုပ်ငန်းများ ရှစ်လဆက်တိုက် တိုးတက်ခဲ့သော်လည်း ထုတ်လုပ်မှုစရိတ် ဖောင်းပွနှုန်းမြင့်မားခြင်းနှင့် မကြာခဏ လျှပ်စစ်ဓာတ်အား ပြတ်တောက်ခြင်းတို့ကို အဓိကစိန်ခေါ်ချက်အနေဖြင့် ရင်ဆိုင်နေရ

မြန်မာ့စက်မှုကုန်ထုတ်လုပ်ငန်းများ ရှစ်လဆက်တိုက်တိုးတက်ခဲ့သော်လည်း ထုတ်လုပ်မှုစရိတ် ဖောင်းပွနှုန်းမြင့်မားခြင်းနှင့် မကြာခဏလျှပ်စစ်ဓာတ်အားပြတ်တောက်ခြင်းတို့ကို အဓိကစိန်ခေါ်ချက်အနေဖြင့်ရင်ဆိုင်နေရကြောင်း ၂၀၁၉ ခုနှစ်ဇွန်လအတွက်ထုတ်ပြန်သော နစ်ကေးမြန်မာ့စက်မှုကုန်ထုတ်လုပ်ငန်း PMI အညွှန်းကိန်း Manufacturing Purchasing Manager’s Index – ဝယ်ယူရေးမန်နေဂျာများ၏အညွှန်းကိန်း) အရသိရသည်။ ဇွန်လစစ်တမ်းဒေတာက မြန်မာနိုင်ငံရှိ ထုတ်လုပ်ရေး ကဏ္ဍတစ်ဝန်း၏ အခြေအနေများ အခိုင်အမာတိုးတက်လာခြင်းကိုအချက်ပြနေပြီး ထုတ်လုပ်မှုနှင့်အော်ဒါသစ်

များ တစ်ဟုန်ထိုးတိုးလာမှုက တိုးတက်မှုတစ်ရပ်လုံးကိုမောင်းနှင်ပေးခဲ့သည်။ ထို့ကြောင့်လုပ်ငန်းဆိုင်ရာ ယုံကြည်မှုမှာ အားကောင်းလာခဲ့ပြီး ၂၀၁၇ ခုနှစ် နှစ်ဆန်းမှစ၍ အမြင့်ဆုံးဖြစ်လာသည်။

ဇွန်လတွင် ၅၃ (မေတွင် ၅၄ ဒသမ ၂)တွင်ရှိသော မြန်မာ့စက်မှုကုန်ထုတ်လုပ်ငန်း PMI အညွှန်းကိန်းမှာ မြန်မာနိုင်ငံအတွင်း ကုန်စည်ထုတ်လုပ်ရေးကဏ္ဍအခြေအနေ အခိုင်အမာတိုးတက်လာခြင်းကိုထောက်ပြနေသည်။ သုံးလအတွင်းအနိမ့်ဆုံးသို့ ကျဆင်းသွားသော်လည်း တိုးတက်မှုမှာ ၂၀၁၅ ဒီဇင်ဘာမှစတင်ခဲ့သည့် စစ်တမ်း၏ အလားအလာထက်မြင့်ခဲ့သည့်အပြင် နောက်ဆုံးသုံးလပတ် ပျမ်းမျှ ၅၃ ဒသမ ၇ မှာ မှတ်တမ်းသမိုင်းအတွင်း အားအကောင်းဆုံးဖြစ်သည်။ ယခင်လများနှင့် နှိုင်းယှဉ်ပါက တိုးတက်မှုနှုန်းမှာ မသိမသာ အားပျော့လာခဲ့သည့်တိုင် စစ်တမ်းသမိုင်းတွင် အမြင့်ဆုံးအဖြစ် ဆက်လက်ရှိခဲ့ပြီး စစ်တမ်းတွင် ပါဝင်သူတို့က ဦးမော့လာမှုကို ပြည်တွင်းနှင့်ပြည်ပမှ ဝယ်လိုအားကြီးမားလာခြင်းနှင့် ဆက်စပ်ဖော်ပြကြသည်။ လုပ်ငန်းသစ်များတိုးတက်လာခြင်းမှာ ဇွန်လတွင် ဆက်လက်အားကောင်းခဲ့ပြီး ဖောက်သည်ဟောင်းများ ပြန်လည် ဝယ်ယူလာကြခြင်းနှင့် သုံးစွဲသူအသစ်များကို ရှာတွေ့နိုင်ခဲ့ခြင်းကြောင့်ဖြစ်သည်။ ကုန်စည်ထုတ်လုပ်သူတို့သည် လာမည့် တစ်နှစ်တာ အတွက် ထုတ်လုပ်ရေးမျှော်မှန်းချက်များ ပိုမိုအားကောင်းလာမည်ဟု မှတ်တမ်းတင်ခဲ့ကြပြီး လုပ်ငန်းဆိုင်ရာယုံကြည်မှု မြင့်မားလာခြင်းကြောင့် ထုတ်ကုန်သစ်များနှင့် နည်းပညာသစ်များတွင် ရင်းနှီးမြှုပ်နှံရန် စီမံလာကြသည်။

အခြားတစ်ဖက်တွင်လည်း ဈေးနှုန်းများကိုကြည့်လျှင် ပေးသွင်းသည့်ပစ္စည်းများ၏ ဈေးနှုန်းများမြင့်တက်နေပြီး ကုန်ပစ္စည်းများရှားပါးမှုက စရိတ်စကများ၏ ဝန်ထုပ်ကို မြင့်တင်ပေးလိုက်၍ ထည့်သွင်းကုန်စရိတ်ဖောင်းပွမှုမှာ ဇွန်လတွင် မြင့်မားနေသည်။ ယခင်လထက် ဈေးမြင့်တက်မှုနှုန်း လျော့ကျလာသော်လည်း သုံးစွဲသူများ၏ ဝယ်လိုအား တက်လာသော ကြောင့် ထည့်သွင်းကုန်စရိတ်မြင့်တက်လာမှုကို ဈေးဝယ်သူများထံ လွှဲပြောင်းပို့ချခဲ့ကြသည်။ ရောင်းဈေးများ၏ ငွေကြေးဖောင်းပွမှုအရှိန် မှာ ၂၀၁၈ ခုနှစ် နိုဝင်ဘာမှစပြီး အမြင့်ဆုံးဖြစ်ခဲ့သည်။

ထုတ်လုပ်မှုစွမ်းပကားအပေါ် ဖိအားပေးမှုမှာ လျှပ်စစ်ဓာတ်အားပြတ်တောက်မှုများကြောင့် ပိုမိုဆိုးရွားလာခဲ့ပြီး သုံးနှစ်အတွင်း လက်ကျန်အလုပ်များ၏ ကျဆင်းမှုနှုန်းကို အနှေးဆုံးဖြစ်လာစေခဲ့သည်။ ပစ္စည်းပေးသွင်းမှုကြာမြင့်ချိန် ပိုများလာခြင်းမှာ လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုများနှင့်ဆက်စပ်နေခဲ့ပြီး လုပ်ငန်းပြီးမြောက်ရန် ကြာမြင့်ချိန်များမှာ လွန်ခဲ့သော နိုဝင်ဘာမှ စပြီး အနည်းငယ်မျှသာ ပိုကြာလာခဲ့သည်။ အဆိုပါစစ်တမ်းကို ပြုစုပေးသည့် IHS Markit မှ စီးပွားရေးပညာရှင် Sain Jones က ဇွန်လမှာ လုပ်ငန်းအခြေအနေတွေ ထပ်ပြီးအခိုင်အမာတိုးလာခဲ့ပြီး ပြည်တွင်းပြည်ပ ဈေးဝယ်သူတွေဆီက ဝယ်လိုအား တွေ ဆက်ပြီးအရှိန်ရတိုးလာခဲ့တဲ့နောက်ပိုင်း ထုတ်လုပ်မှုနဲ့လုပ်ငန်းသစ်တွေဦးမော့မှုက အရှိန်ကောင်းနေတုန်းဖြစ်ပါတယ်။ တစ်ဖက်မှာလည်း ပေးသွင်းတဲ့ကုန်ပစ္စည်းဈေးနှုန်းတွေမြင့်လာတာကြောင့် အမြတ်အစွန်း ရရှိမှုအပေါ် ဖိစီးနေကြပြီး ထည့်သွင်းကုန်စရိတ် ဖောင်းပွမှုမြင့်မားနေပါတယ်။ တစ်ချိန်တည်းမှာပဲ လျှပ်စစ်ပြတ်တောက်မှု တွေကြောင့် ထုတ်လုပ်မှု အခြေအနေဆုတ်ယုတ်လာခဲ့ပြီး မပြီးစီးဘဲကျန်နေတဲ့ အလုပ်တွေများလာပါတယ်ဟု ပြောကြား သည်။ ထုတ်ပြန် ထားသော စစ်တမ်းကို IHS Markit က စက်မှုကုန်ထုတ်လုပ်ငန်းများထံမှ ကောက်ယူစုစည်းရရှိသည့်စစ်တမ်း မူလကိန်းဂဏန်းများကို အခြေခံပြုစုထားခြင်းဖြစ်ပြီး ဂျပန်အခြေစိုက် Nikkei မီဒီယာအုပ်စုက ပံ့ပိုးထားခြင်းဖြစ်သည်။

**Source:** https://news-eleven.com/article/120522

## ကုလားပဲနှင့်စားတော်ပဲ ပြည်တွင်းလိုအပ်ချက်အရ ပြည်ပမှယာယီတင်သွင်းမည်



ကုလားပဲနှင့် စားတော်ပဲတို့ ပြည်တွင်းလိုအပ်ချက်ကို ပြည့်မီအောင် စိုက်ပျိုးနိုင်ခြင်းမရှိသဖြင့် ပြည်ပမှယာယီတင်သွင်းရန် စီစဉ်နေကြောင်း ဇွန် ၂၉ ရက်က ဒုတိယသမ္မတဦးမြင့်ဆွေ ဦးဆောင်သည့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များ၏ (၂၈) ကြိမ်မြောက် ပုံမှန်တွေ့ဆုံပွဲတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ပြောဆိုခဲ့သည်။

ကျွန်တော်တို့ဆီမှာ အိန္ဒိယကြိုက်တဲ့ပဲနဲ့ ဂျပန်၊ ကိုရီးယား၊ တရုတ်ကြိုက်တဲ့ပဲတွေကို တိုးချဲ့စိုက်ပျိုးထုတ်လုပ်မယ်၊ ဈေးကွက်တွေရှိတယ်။ အဲဒါဆိုတော့ ပြည်တွင်းမှာလိုအပ်တဲ့ စားတော်ပဲတို့၊ ကုလားပဲတို့ ဈေးလျော့နေတဲ့အတွက် လယ်သမားတွေကလည်း အကျိုးရှိရာ တိုးချဲ့စိုက်ကြလို့ ပြည်တွင်းရဲ့လိုအပ်ချက်ကို မီအောင်မစိုက်နိုင်ပါဘူး။ အဲဒီလို မစိုက်နိုင်တဲ့အတွက် ကုလားပဲနဲ့ စားတော်ပဲ စိုက်ပျိုးတဲ့ တောင်သူတွေ မထိခိုက်အောင် ပြည်ပကနေ ယာယီတင်သွင်းဖို့ ဆောင်ရွက်နေပါတယ်။ ကျွန်တော်တို့

တောင်သူတွေနဲ့ရော၊ ကုန်သည်တွေနဲ့ရော၊ အစိုးရပါ ဆွေးနွေးထားတာရှိတယ်ဟု ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သန်းမြင့်ကပြောဆိုသည်။

အိန္ဒိယနိုင်ငံအပါအဝင် ပြည်ပနိုင်ငံများမှ ဝယ်လိုအားရှိသည့် မတ်ပဲ၊ ပဲစင်းငုံ၊ ပဲတီစိမ်းများကိုသာ တောင်သူများက ဦးစားပေးရွေးချယ်စိုက်ပျိုးလာကြသဖြင့် ပြည်တွင်းလိုအပ်ချက်ပြည့်မီအောင် စိုက်ပျိုးထုတ်လုပ်နိုင်ခြင်းမရှိသည့် စားတော်ပဲနှင့်ကုလားပဲများကို ပြည်တွင်းကုမ္ပဏီများက ပြည်ပမှ တင်သွင်းခွင့်ပြုရန် လိုင်စင်လျှောက်ထားလာသဖြင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် တင်သွင်းခွင့်ပေးရန် စီစဉ်ဆောင်ရွက်နေခြင်းဖြစ်သည်။ ဒီပဲတွေက ဈေးသိပ်မရလို့ စိုက်တဲ့တောင်သူနည်းတယ်။ စိုက်တဲ့တောင်သူနည်းတော့ ပစ္စည်းကရှားပါးလာလို့ တင်သွင်းခွင့်လျှောက် ထားလာကြတာပါ။ ဒေတာအားနည်းတဲ့အတွက် ဒီကိစ္စတွေဖြစ်လာရတာပါ။ အားကောင်းမယ်ဆိုရင် တောင်သူတွေဘက်ကလည်း ချင့်ချင့်ချိန်ချိန် စိုက်ပျိုးလာကြမှာပါဟု ဘုရင့်နောင်ကုန်စည်ဒိုင်ရှိ ကုန်သည်တစ်ဦးကသုံးသပ်သည်။ လက်ရှိမြန်မာနိုင်ငံတွင် မတ်ပဲ၊ ပဲစင်းငုံ၊ ပဲတီစိမ်းစသည့် ပဲအမျိုးအစားများကို အဓိကစိုက်ပျိုးပြီး မတ်ပဲနှင့်ပဲစင်းငုံကို အိန္ဒိယနိုင်ငံမှ အများဆုံးဝယ်ယူကာ ပဲတီစိမ်းကို တရုတ်နိုင်ငံနှင့်ဥရောပနိုင်ငံတချို့က ဝယ်ယူနေကြကြောင်းသိရသည်။

**Source:** https://myanmar.mmtimes.com/news/125087.html

## အညာဒေသ၌ စိန်တလုံးသရက်နှင့်သနပ်ခါး တွဲဖက်စိုက်ပျိုးနေ



ချောက်မြို့နယ်တွင် သနပ်ခါးပင်ကို သီးသန့်စိုက်ခြင်းထက် စိန်တလုံးသရက်ကိုသီးညှပ်အဖြစ်စိုက်ပျိုးလာကြောင်း ဒေသခံစိုက်ပျိုးသူများ၏ ပြောပြချက်အရသိရသည်။ လွန်ခဲ့တဲ့နှစ်ကတော့ မိုးရာသီမှာ သနပ်ခါးစိုက်သူကလည်း သနပ်ခါးဈေးကွက်ကြည့်ပြီး သနပ်ခါးတစ်ပင် ကျပ်သုံးသိန်းအထိ အမြင့်ဆုံးတွက်စိုက်ကြတာပါ။ သရက်သမားကလည်း သရက်သီးတစ်ခြင်း တရုတ်ငွေယွမ် ၁၀၀ နှုန်းတွက်ပြီး စိုက်ကြတာပါ။ အခုနှစ်ကတော့ သနပ်ခါးနဲ့ သရက်ကိုတွဲစိုက်ကြတယ်။ ဝင်ငွေသေချာပေါက် ရနိုင်တယ်လို့ ထင်တာပေ့ါဟု ချောက်မြို့နယ်ဒေသခံ ကိုဝင်းညွန့်ကပြောဆိုသည်။

ယခုနှစ်မိုးရာသီတွင် သရက်ကို စိန်တလုံးနှင့်ရင်ကွဲသရက်များ အဓိကထား စိုက်ပျိုးကြောင်း၊ သရက်တစ်ပင်လျှင် ကျပ် ၁၈၀၀ ပေးဝယ်စိုက်ရပြီး ယခင်နှစ်က ကျပ် ၁၅၀၀ သာ ပေါက်ဈေးပေးဝယ်ရကြောင်းသိရသည်။ သရက်သီးကို တရုတ်နိုင်ငံက ဝယ်ပြီး ယခုစိန်တလုံးတစ်ခြင်းလျှင် ယွမ် ၁၀၀ မှ ယွမ် ၁၄၀ အထိ ဝယ်လိုအားလည်းမြင့်လာကြောင်း၊ သို့အတွက် သရက်ပင် ကို အဓိကထားစိုက်နေခြင်းဖြစ်နိုင်ခြေရှိကြောင်း တောင်သူများထံမှသိရသည်။

**Source:** https://myanmar.mmtimes.com/news/125090.html

## မင်းဘူး၌ ပင်ထောင်ခရမ်းချဉ်သီးများ အထွက်နှုန်းကောင်းပြီး ဈေးကောင်းရ



မင်းဘူးမြို့နယ်အတွင်း မိုးဦးစော၍ရွာသွန်းခဲ့မှုကြောင့် စိုက်ပျိုးထားသော ပင်ထောင်ခရမ်းချဉ်စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းကာ အထွက်နှုန်းကောင်းပြီး ဈေးကောင်းရနေသဖြင့် ခရမ်းချဉ်စိုက်တောင်သူများအဆင်ပြေနေကြောင်းသိရသည်။ မင်းဘူးမြို့နယ်အတွင်းရှိ ကျေးရွာများတွင် ခရမ်းချဉ်သီးဈေးကောင်းရနေသဖြင့် အလေးထားစိုက်ပျိုးခဲ့ကြပြီး ကျောက်တန်းကျေးရွာနှင့် ရေမျက်ကျေးရွာတို့၌ အခြားဒေသတို့ထက် စိုက်ပျိုးသူများပြားခဲ့သည်။ ကျွန်တော်အခုစိုက်တဲ့မျိုးက ၉၀၉ မျိုးပါ။ ခရမ်းချဉ်ပျိုးပင်တွေကို ပျိုးခုံသက်သက်ပျိုးရတယ်။ ပျိုးလို့ရတဲ့အပင်ပေါက်ကို ရှစ်ရက်သားရှိရင် ပျိုးအိတ်ထဲထည့်ပြီး ၁၅ ရက်သား ပျိုးပင်တစ်ထွာလောက်ရှိရင် မြေပေါင်ထဲထည့် စိုက်လို့ရပြီ၊ စိုက်မယ့်မြေကို ပြင်ရတယ်၊ ပေါင်ဆွဲရတယ်။ စိတ်ကြိုက်ဖြစ်ပြီဆိုမှ တစ်လသားရှိတဲ့ ပျိုးပင်ပေါက်ကို မြေပေါင်ထဲချစိုက်လို့ရပြီ။ မြေပေါင်ထဲချစိုက်တာ ၁၅ ရက်သားလောက်ရှိရင် နိုက်ထရိုဖော်စတာ အနည်းငယ်ကျွေးရတယ်။ အဲဒီနောက် ၂၅ ရက်သားလောက်ဆိုတိုင် ထောင်မယ်။ ၄၅ ရက်သားလောက်ရောက်ရင် တိုင်တွေကို

ဝါးကြမ်းတွေတင်ပြီး စင်ပေါ်စတင်ပေးရမယ်။ နှစ်လသားလောက်ဆို အသီးစသီးပြီး ခူးဆွတ်ရောင်းချနိုင်ပါပြီဟု မင်းဘူးရေမျက်ကျေးရွာနေ တောင်သူကိုအောင်နိုင်ကပြောဆိုသည်။

ယခု ခရမ်းချဉ်ပင် အပင် ၃၀၀၀ ခန့်စိုက်ပျိုးထားပြီး စရိတ်ခြောက်သိန်းဝန်းကျင်ခန့်ကုန်ကျကြောင်း၊ နှစ်ရက်၊ သုံးရက်ကြာလျှင် တစ်ကြိမ်ခူးဆွတ်ပါက ပိဿာချိန် ၁၂၀ ခန့်ထွက်ရှိကြောင်း၊ လက်ရှိပေါက်ဈေး တစ်ပိဿာ ကျပ် ၉၀၀၊ ၁၀၀၀ ဖြင့်ဖောက်သည်ပေး ရောင်းချနေကြောင်း ၎င်းကရှင်းပြသည်။ ခရမ်းချဉ်သီးကို မကွေးကုန်စည်ဒိုင်တွေက ဈေးကောင်းပေးပြီး အခင်းထဲဆင်းဝယ်နေကြပါတယ်။ ထိုင်ဝမ်ခရမ်းချဉ်သီး တစ်ပိဿာ ကျပ် ၉၀၀၊ ကျပ် ၁၀၀၀ မြေမှာစိုက်တဲ့ (ဗမာ) ခရမ်းချဉ်သီး တစ်ပိဿာကို ကျပ် ၁၂၀၀၊ ၁၃၀၀ ဈေးပေးပြီး လာရောက်ဝယ်ယူနေကြပါတယ်ဟု ခရမ်းချဉ်စိုက်တောင်သူ ဦးစိုးကပြောဆိုသည်။

**Source:** https://myanmar.mmtimes.com/news/125091.html

## ထန်းသီးမှည့်အနှစ် ဈေးကွက်ဝင်ဖို့ ပြန်လည်စမ်းသပ်မည်

ထန်းသီးမှည့်ကို အနှစ်ထုတ်ပြီး မုန့်တွေထဲမှာထည့်သုံးရတဲ့ ကြာရှည်ခံအနှစ်ပြုလုပ်ဖို့ အခုလာမယ့် ဩဂုတ်၊ စက်တင်ဘာဆိုရင် ပြန်လည်စမ်းသပ်မယ်လို့ 555 Shwe Hintha (ရွှေဟင်္သာ) ကုမ္ပဏီက သိရပါတယ်။ 555 Shwe Hintha ကုမ္ပဏီ စီအီးအို ကိုကောင်းဆက်နိုင်က စမ်းသပ်မှုတွေ စပြီးတော့လုပ်ဆောင်နေပါပြီ၊ ဂျပန်ကလဲ သူတို့နည်းပညာတွေလဲ စပြီးတော့ထောက်ပံ့နေတယ်၊ ထန်းသီးအနှစ်လုပ်ပြီး တော့ ဟိုမှာဘက်ဂရီ တွေ ထည့်မယ်၊ မိရိုးဖလာထန်းသီးမုန့်တွေရှိတယ်၊ ထန်းသီးမုန့်တွေထဲမှာထည့်တယ်၊ နောက်ပြီး ဟင်းအနှစ်တွေထဲ မှာ ထည့်တယ်လို့ ပြောပါတယ်။ ထိုင်းမှာလုပ်နေတဲ့ နည်းစနစ်ကို ဒီမှာပညာရှင်တွေနဲ့ပူးပေါင်းပြီး လုပ်နေတာဖြစ်ပါတယ်။ ထန်းသီးမှည့်တဲ့အချိန် ဩဂုတ်လ၊ စက်တင်ဘာလမှာ စမ်းသပ်မှုပြန်လည်စတင်မှာဖြစ်တယ်။ ဈေးကွက်သဘောတရားကတော့ စောင့်ကြည့်ရဦးမယ့်အခြေအနေပါ။ ကျွန်တော်တို့ ဈေးကွက်သဘောတရားကို ဆက်ပြီး တော့ စောင့်ကြည့်ရဦးမယ်၊ အခုကတော့ နည်းပညာစမ်းသပ်ဆဲကာလပဲ ရှိပါသေးတယ်လို့ ကိုကောင်းဆက်နိုင် ပြောပါတယ်။

ထန်းရည်ကနေ ထန်းလျက်မှုန့်ကို တစ်နေရာတည်းမှာ ထုတ်လုပ်နိုင်မယ့်စက်ရုံပြီးသွားရင်တော့ ထန်းပင်တစ်ခုလုံးကထွက်ရှိတဲ့ အသုံးပြုလို့ရတဲ့အရာတွေကို မြန်မာပညာရှင်တွေ၊ နိုင်ငံခြားပညာရှင်တွေနဲ့ ပေါင်း ပြီး အလေအလွင့်မရှိအောင် လုပ်ဆောင်မှာဖြစ်ပါတယ်။ ဈေးကွက်အနေအထားမှာ ဘယ်လိုထိုးဖောက်ရမလဲဆိုတဲ့ အခက်အခဲနဲ့ နည်းပညာအခက်အခဲ ရှိနေပါတယ်။ ထန်းသီးမှည့်ကို ဓာတုပစ္စည်းတွေမသုံးဘဲနဲ့ ကြာရှည် အထားခံအောင် ဘယ်လိုလုပ်ရမလဲဆိုတဲ့ နည်းပညာအခက်အခဲတွေရှိနေပါတယ်။ ထန်းသီးမှည့်တဲ့ကာလက တစ်လ၊နှစ်လလောက် အချိန်ပိုင်း ဖြစ်တာကြောင့် သည်အခြေအနေ ကိုဘယ်လိုထိန်းသိမ်းရမလဲ ဆိုတဲ့ အခက်အခဲလေးတွေ ရှိနေတာ ဖြစ်ပါတယ်။ ထန်းသီးအမှည့်ကို အနှစ်တိုက်ပြီးမှ ထန်းသီးအနှစ် (pudding) သဘောမျိုးလုပ်မှာဖြစ်ပြီး အနှစ်ကို ကိတ်မုန့်တွေနဲ့ ဟင်းချက်အနှစ်တွေ စတဲ့နေရာတွေမှာ အသုံးပြုနိုင်အောင် ကြိုးစားနေတာဖြစ်ပါတယ်။

ထိုင်းမှာဆိုရင် သည်ထန်းသီး အနှစ်ကိုတွင်တွင်ကျယ်ကျယ်လုပ်နေပြီဖြစ်ပါတယ်။ ထိုင်းမှာပေါက်ဈေး ကတော့ တစ်ကီလိုဂရမ်ကို ကျပ် ၇၀၀၀ လောက်ရှိနေပါတယ်။ မြန်မာနိုင်ငံမှာတော့ ထန်းသီးအမှည့်တွေက ကြွေကျပြီး အမှိုက်တစ်ခုလို ပစ်ထားကြသလို ထန်းပင်ပေါက်ဖောက်ပြီး ရောင်းချတာတွေပဲ ရှိနေတာဖြစ်ပါတယ်။

**Source:** https://www.kumudranews.com/news-34090

## အိန္ဒိယက မျိုးမြှင့်တင် ငါးမြစ်ချင်းသားပေါက်များ မှာယူတင်သွင်းခွင့်ရဖို့ ငါးမွေးမြူရေးလုပ်ငန်းရှင်များတောင်းဆို

အိန္ဒိယနိုင်ငံမှ မျိုးအဆင့်မြင့် မြှင့်ထားတဲ့ ရေချိုငါးမြစ်ချင်း မျိုးငါးသားပေါက်များ G to G စနစ်ဖြင့် မှာယူတင်သွင်းခွင့်ရရှိနိုင်ရန် မြန်မာနိုင်ငံငါးမွေးမြူရေးလုပ်ငန်းရှင်များအသင်းမှ သက်ဆိုင်ရာငါးလုပ်ငန်းဦးစီးဌာနထံ တင်ပြတောင်းဆိုခဲ့ကြောင်းသိရသည်။

ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်တွင် ဇွန်လ ၂၈ ရက်က ကျင်းပပြုလုပ်သည့် ၁၁/၂၀၁၉ ကြိမ်မြောက် ငါးလုပ်ငန်းကဏ္ဍဆိုင်ရာ လုပ်ငန်းရှင်များ ပုံမှန်တွေ့ဆုံဆွေးနွေးပွဲတွင် တင်ပြတောင်းဆိုခဲ့ခြင်းဖြစ်သည်။

"အိန္ဒိယနိုင်ငံမှာ ငါးမြစ်ချင်းကို မျိုးမြှင့်ထားတယ်။ အခုမျိုးမြှင့်တင်ထားတဲ့ ငါးသားပေါက်တွေရရှိနေပြီ။ ဒါကို ကျွန်တော်တို့အနေနဲ့ ဝယ်ယူတင်သွင်းလို့ရနိုင်မလား။ ရနိုင်မယ်ဆိုရင် ကျွန်တော်တို့ မွေးမြူရေးလုပ်ငန်းရှင်တွေအတွက် များစွာအဆင်ပြေပါတယ်။ ဒါကို လုပ်ငန်းရှင်တွေအနေနဲ့ ဝယ်ယူခွင့်မရှိဘဲ အစိုးရချင်း G to G ဖြစ်တဲ့ ငါးလုပ်ငန်းဦးစီးဌာနအနေနဲ့ ချိတ်ဆက်ပြီးမှ ဝယ်ယူတင်သွင်းခွင့်ရရှိမှာဖြစ်တယ်။ ဒါကိုတင်ပြတာပါဟု မြန်မာနိုင်ငံ ငါးမွေးမြူရေး

လုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာမြင့်ဆွေကပြောသည်။

အိန္ဒိယနိုင်ငံ၏ ရေချိုငါးသုတေသနဌာနမှ အဆင့်မြှင့်တင်ထားသော ငါးမြစ်ချင်းငါးအမျိုးအစားသည် မြန်မာနိုင်ငံရှိ ငါးမြစ်ချင်းငါးမျိုးစေ့ထက် ကြီးထွားနှုန်း ၁ ဆခွဲမက ရှိနေခြင်းကြောင့် မြန်မာနိုင်ငံအနေဖြင့်လည်း ငါးသားပေါက်မျိုးစေ့နည်းပညာသစ်ကို စတင်အကောင်အထည်ဖော်မွေးမြူနိုင်မည်ဖြစ်ကြောင်း သိရသည်။

ဒီမျိုးစေ့ နည်းပညာအပြောင်းအလဲလေးကို ယူလို့ရတယ်ဆိုရင်ကောင်းပါတယ်။ အိန္ဒိယက ငါးမြစ်ချင်းကို အဓိကထားမွေးမြူရေးလုပ်တဲ့ လုပ်ငန်းဖြစ်တဲ့အတွက်ကြောင့် ငါးရောဂါ ရှိ၊ မရှိ နောက်ပြီး မျိုးမြှင့်တင်ဆောင်ရွက်မှုတွေကို တစိုက်မတ်မတ်နဲ့ လုပ်ဆောင်နေတဲ့ နိုင်ငံဖြစ်တယ်။ နေ့ာ်ဝေးနိုင်ငံရဲ့ နည်းပညာကို သူတို့ကရရှိထားတယ်။ ငါးမြစ်ချင်းက ၃ နှစ်နေမှ တစ်ကြိမ်မျိုးမြှင့်လို့ရတယ် ။ အရင်တစ်ပိဿာရှိတဲ့ငါးက အခုဆိုရင် ၁ ပိဿာခွဲရှိတဲ့ အနေအထားမျိုးဖြစ်သွားပြီ။ ဒါကိုမွေးမြူနိုင်မယ်ဆိုရင် အကျိုးအမြတ်များစွာရှိနိုင်တယ်ဟု မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင်ကပြောသည်။

အိန္ဒိယနိုင်ငံ၏ မျိုးအဆင့်မြင့်မြှင့်ထား ငါးမြစ်ချင်းငါးသားပေါက်များကို တင်သွင်းမှာယူခွင့်ရရှိရန်အတွက် သက်ဆိုင်ရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနထံ တင်ပြပေးသွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး၊ ငါးလုပ်ငန်းဦးစီးဌာနမှ ဒုတိုင်းမှူးဦးလှဌေးကပြောသည်။ ထို့အပြင် အိန္ဒိယမှအဓိကမှာယူတင်သွင်းခွင့် မရခင်အချိန်ထိ ငါးမွေးမြူရေးလုပ်ငန်းရှင်များသည် မွေးမြူပုံနည်းစနစ်များ၊ ရေမြေအခြေအနေတို့အပြင် ဈေးကွက်အခြေအနေကိုလည်း ကြိုတင်တွက်ဆပြင်ဆင်ရန် လိုအပ်ကြောင်းသိရသည်။

**Source:**https://greenwaymyanmar.com/posts/request_to_input_hybrid_fish_from_India

## ၂၀၁၉-၂၀၂၀ ရာသီ၌ ကမ္ဘာ့သကြားလိုအပ်မှုဖြစ်ပေါ်ကာ သကြားဈေးကောင်းရန်ရှိ

၂၀၁၉-၂၀၂၀ ရာသီတွင် ကမ္ဘာ့သကြားလိုအပ်ချက် တန်ချိန် ၂ ဒသမ ၅ သန်းရှိလာနိုင်ပြီး ကုန်ပိုလျှံမှုကြောင့် နှစ်အတန်ကြာဈေးကျဆင်းခဲ့သည့် သကြားဈေးများပြန်ကောင်းလာရန်ရှိကြောင်း အာဆီယံသကြားလုပ်ငန်းပူးပေါင်းအဖွဲ့ကခန့်မှန်းသည်။ ဗီယက်နမ်နိုင်ငံ၊ ဟိုချီမင်းစီးတီးမြို့တွင် ဇွန်လ ၁၇ ရက်ကပြုလုပ်ခဲ့သည့် အာဆီယံသကြားလုပ်ငန်းပူးပေါင်းအဖွဲ့၏ စတုတ္ထအကြိမ်မြောက် အစည်းအဝေးတွင် ၎င်းခန့်မှန်းချက်ကို ထုတ်ပြန်ခဲ့သည်။ ထိုင်းနိုင်ငံ MITR Phol သူ သကြားကော်ပိုရေးရှင်းမှဈေးကွက်သုတေသီ Sasathorn Sanguandeekul က ယခုနှစ်တွင် ထိုင်းအပါအဝင် သကြားအဓိကထုတ်လုပ်ရာနိုင်ငံများ၏ သကြားအထွက်ကျဆင်းမှုကြောင့် ကမ္ဘာတစ်ဝန်းတွင် သကြားလိုအပ်မှုဖြစ်ပေါ်မည်ဟုပြောသည်။

၂၀၁၉-၂၀၂၀ ခုနှစ်မှာထိုင်း၊ အိန္ဒိယတို့ရဲ့ သကြားအထွက် ကျဆင်းနိုင်ခြေကြောင့် အာရှတိုက်မှာ သကြားလိုအပ်မှု တန်ချိန် ၉ ဒသမ ၅ သန်းဝန်းကျင်ရှိနိုင်ပါတယ်ဟု ၎င်းက ပြောသည်။ ကမ္ဘာ့ သကြားထုတ်လုပ်မှုနှင့် တင်ပို့မှု အများဆုံး ဘရာဇီးနိုင်ငံတွင် ကြံပင်များ ကြီးရင့်လာခြင်းနှင့်မိုးခေါင်ခြင်းကြောင့် ၂၀၁၈-၂၀၁၉ ရာသီက သကြားထုတ်လုပ်မှု တန်ချိန် ၂၆ ဒသမ ၅ သန်းသို့ လျော့ကျခဲ့သည်။ ၂၀၁၉-၂၀၂၀ ရာသီတွင် ဘရာဇီး၏ သကြားထုတ်လုပ်မှုတန်ချိန် ၂၆ သန်းမှ ၂၈ သန်းအကြား ရှိနိုင်မည်ဟု ခန့်မှန်းသည်။ ထို့ပြင် ဘရာဇီးသည် အီသနောလောင်စာဆီ မြှင့်တင်ထုတ်လုပ်ဆဲဖြစ်ပြီး သကြားထုတ်လုပ်မှုကို လျှော့ချနေသည်ဟု ၎င်းကပြောသည်။

တရုတ်နိုင်ငံ၏ သကြားထုတ်လုပ်မှုမှာ ၂၀၁၈-၂၀၁၉ ရာသီတွင် တန်ချိန် ၁၀ ဒသမ ၆၃ သန်းနှင့် ၂၀၁၉-၂၀ ရာသီတွင် တန်ချိန် ၁၀ ဒသမ ၂ သန်းရှိနိုင်ပြီး နိုင်ငံ၏သကြားလိုအပ်ချက်ထက် လျော့နည်းမည်ဟု ခန့်မှန်းသည်။ တရုတ်အနေဖြင့် သကြား တန်ချိန် ၄ ဒသမ ၅ သန်းဝန်းကျင် တင်သွင်းရဖွယ်ရှိသည်။ အင်ဒိုနီးရှားနိုင်ငံတွင်လည်း သကြားလိုအပ်မှု ဖြစ်ပေါ်နိုင်ပြီး၂၀၁၈-၂၀၁၉ ရာသီ၏ သကြားထုတ်လုပ်မှု တန်ချိန် ၂ ဒသမ ၃၇ သန်း ရှိနိုင်ချိန်တွင် သကြားစားသုံးမှုမှာ တန်ချိန် ၇ ဒသမ ၁၁သန်းအထိ မြင့်တက်မည်ဟု ခန့်မှန်းသည်။

ထိုင်းနိုင်ငံသည် ၂၀၁၈-၂၀၁၉ ရာသီတွင် သကြားတန်ချိန် ၁၄ ဒသမ ၆ သန်း ထုတ်လုပ်ခဲ့ရာမှ ၂၀၁၉-၂၀၂၀ ရာသီ၌ မိုးခေါင်ခြင်း၊ တောင်သူများ သီးနှံပြောင်းစိုက်ခြင်းတို့ကြောင့် သကြားတန်ချိန် ၁၃ သန်းဝန်းကျင်သာ ထုတ်လုပ်နိုင်မည်ဟု ခန့်မှန်းသည်။ ကမ္ဘာ့ဈေးကွက်၌ သကြားပိုလျှံမှုကို နှစ်အတန်ကြာ ကြုံတွေ့ခဲ့ရာမှ ၂၀၁၉-၂၀၂၀ရာသီ၌ သကြားလိုအပ်မှု ဖြစ်လာခြင်းမှ TTC Sugar လုပ်ငန်းအပါအဝင် သကြားကုမ္ပဏီကြီးများအတွက် အခွင့်အလမ်းဖြစ်လာနိုင်ကြောင်း လုပ်ငန်းကျွမ်းကျင်သူများကပြောသည်။ သကြားဈေးဟာ ရေတိုကာလမှာ တစ်ပေါင်ကို ၁၂ စင့်ကနေ ၁၃ ဒသမ ၅စင့်အကြား ဖြစ်နိုင်တယ်။ရေရှည်မှာတော့ သကြား အလိုပြနိုင်တာကြောင့် ဈေးက ၁၂ ဒသမ ၅ စင့်ကနေ ၁၄ ဒသမ ၅ စင့်အကြား ရောက်လာနိုင်ပါတယ်ဟု Sasathorn ကပြောသည်။ အာဆီယံ သကြားလုပ်ငန်းပူးပေါင်းအဖွဲ့နှင့် TTC Group တို့

ဦးဆောင်ကျင်းပခဲ့သော ၎င်းအစည်းအဝေး၌ ဒေသတွင်းကုန်သွယ်ရေးသဘောတူညီချက်များ၊ သကြားနှင့်ကျန်းမာရေး ကိစ္စရပ်များနှင့် အီသနောဈေးကွက်ဖွံ့ဖြိုးမှုများကိုပါဆွေးနွေးခဲ့သည်။

**Source:** https://www.facebook.com/myanmaeconomic/

## တီးတိန် ပန်းသီးအထွက်နှုန်းကောင်းသော်လည်း ရာသီဥတုဖောက်ပြန်မှုကြောင့် အလုံးသေးကာ ဝယ်လိုအားကျဆင်းနေ

ချင်းပြည်နယ်၊ တီးတိန်မြို့နယ်အတွင်း အများဆုံးစိုက်ပျိုးပြီး ပြည်တွင်း၊ ပြည်ပဈေးကွက်အထိအရောင်းအဝယ်ဖြစ်နေသော ချင်းတောင်ပန်းသီးမှာ ယခုနှစ်ပန်းသီးအထွက်နှုန်းကောင်းမွန်သော်လည်း ရာသီဥတုပူပြင်းမှုကြောင့် ပန်းသီးအလုံးသေးငယ်ကာ ဝယ်လိုအားကျဆင်းသွားကြောင်းသိရသည်။ ပန်းသီးကို ချင်းပြည်နယ်နေရာဒေသအနှံ့ စိုက်ပျိုးဖြစ်ထွန်းမှုရှိသော်လည်း တီးတိန်မြို့နယ် ဇန်းတဲ့၊ ဆိုဇန်၊ ဆွောင်းပီး၊ လိုင်တို့း၊ ဒေါ်ရိုလွန်ဒေသများတွင် အများဆုံးစိုက်ပျိုးပြီး ဖွန်လဆန်းချိန်မှစတင်၍ ပေါ်ဦးပေါ်ဖျားပန်းသီးများကို ကလေးမြို့ဈေးကွက်သို့ အများဆုံးတင်ပို့ရောင်းချ သည်။

ပန်းသီးအထွက်နှုန်းကတော့မကျဘူး။ အခုနွေရာသီမှာ အပူရှိန်ပြင်းတဲ့အချိန် ပန်းသီးအဖူးအပွင့်ထွက်ရလို့လားမသိဘူး၊ ပန်းသီးအလုံးသေးသွားတယ်။ ဈေးကွက်မှာတော့ ဝယ်လိုအားကျဆင်းသွားတယ်။ ပြီးခဲ့တဲ့နှစ်တွေတုန်းက ပန်းသီးအလုံးလှ၊ အထွက်နှုန်းကောင်းဆိုတော့ ဝယ်လက်ဖောက်သည်တွေတန်းစီနေတာပါ။ အခုနှစ်ပေါ်ဦးပေါ်ဖျားတော့ ဝယ်လိုအားနည်းနေသေးတယ်။ ဇူလိုင်လ ပန်းသီးလှိုင်လှိုင်ပေါ်ချိန်ဆိုရင်တော့ မဆိုနိုင်ဘူးဟု တီးတိန်မြို့နယ် ဇန်းတဲ့ကျေးရွာမှ ဦးဆွမ်ပေါက်က ဖွန် ၃၀ ရက်တွင် ပြောကြားသည်။ ပြီးခဲ့သည့်ဆယ်စုနှစ်ဝန်းကျင်မှ အစပြု၍ဂျာမနီနှင့် တရုတ်စိုက်ပျိုးရေးပညာရှင်များ၏ အကူအညီနည်းစနစ်ဖြင့် တီးတိန်မြို့နယ်၌ စိုက်ပျိုးထားသည့် ပန်းသီးပင်များကို ပြုပြင်ခဲ့ကြရာ အထွက်နှုန်းနှင့် အရောင်အသွေး အရောင်အဆင်းနှင့် အရသာတိုးတက်ကောင်းမွန်လာသည်။

ချင်းပြည်နယ်ထွက် အိုက်ဝါသီး၊ အောသီး၊ ရှဘီသီး၊ ဒေါင်သီး၊ ရီကိုရီသီး၊ ဂျပ်နသီး၊ အစိမ်းသီး၊ ရောနသံသီးတို့ကို ကလေးဈေးကွက်သို့ နေစဉ်တင်ပို့နေရာ အိုင်ဝါသီးမှာ အရောင်းအဝယ်အသွက်ဆုံးဖြစ်ပြီး ယခုရက်ပိုင်းကလေး ဈေးကွက်တွင် အိုင်ဝါသီ တစ်ပိဿာငွေကျပ် ၃၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေပြီး အစိမ်းသီး၊ ရောနသံသီးတို့မှာ တစ်ပိဿာ ၁၅၀၀ကျပ် ဝန်းကျင်ဖြင့် အရောင်းအဝယ်ဖြစ်ကြောင်းသိရသည်။

**Source: Democracy Today**

https://yangonmedia.com/business/%e1%80%90%e1%80%ae%e1%80%b8%e1%80%90%e1%80%ad%e1%80%94%e1%80%b9

## ရေထွက်ကုန် ၂၁ မျိုး တရုတ်နိုင်ငံကို တရားဝင်တင်ပို့ခွင့်ရဖို့ တင်ပြထား

ရေထွက်ကုန် ၂၁ မျိုးကို တရုတ်နိုင်ငံသို့ တရားဝင်တင်ပို့ခွင့်ရဖို့ တင်ပြထားတယ်လို့ ငါးလုပ်ငန်းဦးစီးဌာနမှ သိရပါတယ်။ လက်ရှိမှာ ရေထွက်ကုန်အချို့ကို တရုတ်နိုင်ငံသို့ တင်ပို့နေပေမယ့်လည်း သူတို့နိုင်ငံရဲ့ ကုန်ပစ္စည်း အရည်အသွေးစိစစ်ရေးဌာန (AQSIQ) မှာ မှတ်ပုံမတင်နိုင်သေးတဲ့အတွက် ရေထွက်ကုန်အမယ်တွေ ကျန်ရှိနေသေးတဲ့ အတွက် တင်ပို့ရာမှာ အခက်အခဲဖြစ်လျက်ရှိတယ်လို့သိရပါတယ်။

ပြီးခဲ့တဲ့ ဖွန်လ ၂၉ ရက်နေ့က ကုန်သည်စက်မှုအသင်းချုပ်မှာပြုလုပ်တဲ့ နိုင်ငံတော်ဒုတိယသမ္မတ (၁) ဦးမြင့်ဆွေ ဦးဆောင်တဲ့ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီနဲ့ ပုဂ္ဂလိကကဏ္ဍလုပ်ငန်းရှင်များရဲ့ လစဉ်ပုံမှန်အစည်းအဝေး မှာလည်း မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်မှ ဒုတိယဥက္ကဋ္ဌ ဒေါ်တိုးနန္ဒာတင်က တရုတ်နိုင်ငံသို့ ရေထွက်ပစ္စည်းတွေဖြစ်တဲ့ မွေးမြူရေးငါး၊ ပုစွန်တွေတင်ပို့ရာမှာ အခက်အခဲတွေ တွေ့ကြုံနေရတာကြောင့် ဖြေရှင်းပေးဖို့တင်ပြခဲ့ပါတယ်။ ငါးလုပ်ငန်း ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဇင်ထူးက အဓိကတင်ပို့တဲ့အခါ အခက်အခဲဖြစ်တာက ငါးတန်နဲ့ပုစွန်ဖြူပေါ့၊ ဒါကလဲ တင်ပို့တာမကြာသေးတော့ ချက်ချင်းမဖြစ်သေးတာပါ။ အခု ၂၁ မျိုးထဲမှာ အဲဒါတွေလည်းပါတယ်။ နိုင်ငံခြားရေး ဌာနကနေ ပို့လိုက်ပြီလို့ပြောပါတယ်။

ဒါ့အပြင် ငါးလုပ်ငန်းအဖွဲ့ချုပ်ကနေတင်ပြထားတဲ့ ကြက်နှင့်ငါးနှစ်မျိုးတွဲကာ မွေးမြူနေခြင်းကို ဖြေရှင်းပေးနိုင်ဖို့ကတော့ အချိန်ယူရဦးမှာဖြစ်ပြီး အလောတကြီးလုပ်ဆောင်လိုက်ရင်လည်း လုပ်ငန်းရှင်တွေအတွက် အခက်အခဲဖြစ်စေနိုင်တယ်လို့ သိရပါတယ်။ ဒေါ်တိုးနန္ဒာတင်က ကြက်နဲ့ငါးနှစ်မျိုးတွဲကာ မွေးမြူတဲ့ပြင်နက်တွေက ထွက်တဲ့ငါးတွေကို အစားအသောက် ဘေးကင်းလုံခြုံမှုမရှိဘဲ ပြည်ပသို့တင်ပို့ဖို့အခက်အခဲတွေရှိနေတာကြောင့် အခုလိုနှစ်မျိုးပေါင်းကာ မွေးမြူခြင်းကို ဥပဒေ

တစ်ရပ်ထုတ်ကာ တားမြစ်ပေးဖို့ အစိုးရထံတင်ပြခဲ့တာဖြစ်ပါတယ်။ ဒါ့အပြင် ငါးမွေးမြူရေးလုပ်ငန်းတစ်ခုကို တိုင်းနဲ့ ပြည်နယ်တွေမှာ ပရောဂျက်ကြီးအသစ်တစ်ခုဖြင့်စကာ လုပ်ကိုင်နိုင်ဖို့အတွက် ဘဏ်ချေးငွေတွေရရှိအောင် Project Bank နဲ့ ချိတ်ဆက်ဆောင်ရွက်ပေးဖို့လည်း ဒေါ်တိုးနန္ဒာတင်က အစိုးရနဲ့တွေ့ဆုံပွဲမှာတင်ပြခဲ့ပါတယ်။ ငါးလုပ်ငန်းဦးစီးဌာန အနေနဲ့ ရေထွက်ကုန်တင်ပို့မှုကနေပြီးခဲ့တဲ့ ဘဏ္ဍာနှစ်က အမေရိကန်ဒေါ်လာသန်း ၇၀၀ ကျော်ရရှိခဲ့ပြီး လက်ရှိဘဏ္ဍာနှစ် လျာထားပမာဏကတော့ ဒေါ်လာသန်း ၆၆၀ ကျော်ဖြစ်ပါတယ်။

**Source: Kumudra**

https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/2110-fishery-presented-to-21-are-legally-allowed-to-export-to-china.html

## STOCK EXCHANGE (2.7.2019)

YANGON STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 2nd Jul. 2019

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 11,000 | +0 | +0.00% | 11,000 | 11,000 | 10,500 | 847 | 9,289,500 | 27,112,747 | 298,240 |
| MTSH | 00002 | 3,350 | +0 | +0.00% | 3,300 | 3,350 | 3,300 | 6,067 | 20,072,000 | 38,929,150 | 130,413 |
| MCB | 00003 | 7,800 | +0 | +0.00% | 7,800 | 7,800 | 7,800 | 0 | 0 | 10,400,986 | 81,128 |
| FPB | 00004 | 24,000 | +0 | +0.00% | 24,000 | 24,000 | 24,000 | 10 | 240,000 | 2,472,053 | 59,329 |
| TMH | 00005 | 2,850 | -100 | -3.39% | 2,900 | 2,900 | 2,850 | 1,384 | 3,947,900 | 12,212,906 | 34,807 |

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 442.35 | -0.90 | -0.20% | 441.37 | 442.35 | 431.00 | 8,308 | 33,549,400 | 5 | 603,917 |

**Index chart**



# Market Overview

As of 12:00 pm, 2nd Jul. 2019

| MYANPIX | 431.00 ▼ 12.25 |
|---|---|
| Total Volume (shares) | 7,607 |
| Total Value (MMK) | 31 mil |
| Listed Company | 5 |
| Market Cap. (MMK) | 588,414 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 10,500 | ▼ 500 |
| MTSH | 00002 | 3,300 | ▼ 50 |
| MCB | 00003 | 7,800 | ▲ 0 |
| FPB | 00004 | 24,000 | ▲ 0 |
| TMH | 00005 | 2,850 | ▼ 100 |

TIR